**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၆ / ၂၀၂၅**

**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှကုန်ပစ္စည်းများကို ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အရေးယူနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည် -

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) အတွင်းရေးမှူး — အဖွဲ့ဝင်
ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး
လုပ်ငန်းကော်မတီ

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ဒုတိယရဲချုပ် (လုံခြုံ/မှုခင်း)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

၂။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၁-၇-၂၀၂၄ ရက်နေ့နောက်ပိုင်းမှစ၍ ပြည်ပမှ ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အရေးယူနိုင်ရန် ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ ထုတ်ပြန်

ထားသောမူဝါဒများအရ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

( ခ ) သွင်းကုန်ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းများဆိပ်ကမ်း၊ လေဆိပ်သို့ရောက်ရှိလျှင် အဆိုပါကုန်ပစ္စည်းများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခြွင်းချက်ဖြင့်အရေးယူရမည့် ကုန်ပစ္စည်းများ ဟုတ် မဟုတ် စိစစ်ခြင်း၊

( ဂ ) ခြွင်းချက်ဖြင့်အရေးယူရမည့် ကုန်ပစ္စည်းမဖြစ်ပါက ယင်းကုန်ပစ္စည်းများ တင်သွင်းသော လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အမည်ပျက်စာရင်း (BlackList) ရေးသွင်းနိုင်ရန်နှင့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဃ) ခြွင်းချက်ဖြင့်အရေးယူရမည့် ကုန်ပစ္စည်းများဖြစ်ပါက အကောက်ခွန် လုပ်ထုံးလုပ်နည်းအရအရေးယူပြီး ယင်းကုန်ပစ္စည်းများကို ခွင့်ပြုထုတ်ပေးနိုင်ရန်၊ တင်သွင်းခဲ့သည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား အမည်ပျက်စာရင်း (Black List) ရေးသွင်းပေးနိုင်ရန်နှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ဖျက်သိမ်းပေးနိုင်ရန် ဝန်ကြီးဌာနသို့တင်ပြခြင်း၊

( င ) လိုအပ်သော လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

( စ ) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တစ်လလျှင် တစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၅ ( ၁၆ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၈ ရက်

## ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

အဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ် }
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

အောင်သွင်ဦး
အမြဲတမ်းအတွင်းဝန်